ရခိုင်အမျိုးသားအဆင့်မူဝါဒရေးရာ ညှိနှိုင်းရေးဆွဲရေးအဖွဲ့
Arakan National Policy Coordination Committee
Email: anpcc2018@gmail.com

# သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်။

ရခိုင်အမျိုးသားအဆင့်မူဝါဒရေးရာ ညှိနှိုင်းရေးဆွဲရေးအဖွဲ့ (ANPCC) ၏ "လူသားလုံခြုံရေး အခြေခံမူများနှင့် အကြံပြုချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" တရပ်ကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့မှ (၂၁) ရက်နေ့ထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို ANPCC အဖွဲ့ဝင်များကို ကိုယ်စားပြုသော ရခိုင်တော်လှန်ရေး ပါတီ (၂) ဖွဲ့ (ALP/ALA, ANC/AA)၊ ရခိုင်နိုင်ငံရေးပါတီ (၃) ဖွဲ့ (ANP, ALD, AFP)၊ ဌာနေတိုင်းရင်းသား နိုင်ငံရေးပါတီ (၃) ဖွဲ့ (KNDP, DNDP, KNDP)၊ အရပ်ဘက်အဖွဲ့အစည်းများမှ တရားဝင် ကိုယ်စားလှယ် (၁၈) ဦးနှင့် တသီးပုဂ္ဂလ ကိုယ်စားလှယ် (၃) ဦး၊ စုစုပေါင်း (၃၂) ဦးတို့က တက်ရောက်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လူသားလုံခြုံရေးဆိုင်ရာကဏ္ဍ (၇) ရပ်ဖြစ်သော နိုင်ငံရေးဆိုင်ရာ လုံခြုံရေး၊ ပုဂ္ဂလိက လုံခြုံရေး၊ ရပ်ရွာလူမှုအသိုင်းအဝိုင်း လုံခြုံရေး၊ စားနပ်ရိက္ခာ လုံခြုံရေး၊ ကျန်းမာရေးဆိုင်ရာ လုံခြုံရေး၊ စီးပွါးရေးဆိုင်ရာ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံရေးအခြေခံမူများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲခေါင်းစဉ်ခွဲများထဲတွင် မြန်မာ စစ်တပ်နှင့် ရခိုင်တော်လှန်ရေးပါတီများအကြား အပြန်အလှန် ဖမ်းဆီးမှု၊ ရခိုင်တော်လှန်ရေးပါတီ တခုနှင့်တခုအကြား ညီညွတ်ရေး တည်ဆောက်ရန် အရေးတကြီး လိုအပ်မှု၊ လူငယ်၊ အမျိုးသမီး၊ လယ်သမား၊ အလုပ်သမား၊ ဌာနေတိုင်းရင်းသား၊ စစ်ဘေးရှောင်၊ နိုင်ငံသား/တိုင်းရင်းသားအဖြစ် သတ်မှတ်ခြင်းမခံရသေးသည့် မူဆလင်ဒုက္ခသည်၊ မသန်စွမ်းများအတွက် အခွင့်အရေးနှင့် အခွင့်အလမ်းများ ဖန်တီးရန်လိုအပ်မှု၊ ရခိုင်ပြည်အနှံ့ လက်ရှိဖြစ်ပွါးနေသော ရာဇဝတ်မှုနှင့် မူးယစ်ဆေးဝါးပြဿနာများ စသည်ဖြင့် အကြောင်းအရာပေါင်းစုံပါဝင်ပြီး ရှုထောင့်စုံမှ ပါဝင်သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

ဥပမာအားဖြင့် အမျိုးသမီးအရေးနှင့်ပတ်သက်၍ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ထိပါးနှောင့်ယှက်မှု၊ မိခင်နှင့်ကလေး ကျန်းမာရေး ကူညီစောင့်ရှောက်မှု အစရှိသော ပြဿနာများ၊ ဌာနေတိုင်းရင်းသားရေးရာတွင် လူမျိုးစုအလိုက် စာပေ၊ ယဉ်ကျေးမှု ဖော်ထုတ်ရေး၊ နစ်နာဆုံးရှုံးမှုများအား ပြန်လည်ကုစားပေးရေး၊ မူလနေရပ်တွင် ပြန်လည်အခြေချ နေထိုင်နိုင်ရေး၊ နိုင်ငံရေးအရ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး အစရှိသော ပြဿနာများအား ဖြေရှင်းရာတွင် အချိန်ကာလမရွေး အဖွဲ့အစည်းတိုင်း လိုက်နာကျင့်သုံးသင့်သည့် အခြေခံမူများအား ချမှတ်ခဲ့ကြပါသည်။

"လူသားလုံခြုံရေး အခြေခံမူများနှင့် အကြံပြုချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" တက်ရောက်လာသည့် ကိုယ်စားလှယ်များ၏ ဆွေးနွေးဆုံးဖြတ်ချက်အရအတည်ပြုလိုက်သော "ရခိုင်ပြည်သစ် (သို့) အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံရမည့် လူသားလုံခြုံရေးဆိုင်ရာ အခြေခံမူနှင့် အကြံပြုချက်များ" အား ပူးတွဲပါအတိုင်း ထုတ်ပြန်အပ်ပါသည်။

ရခိုင်အမျိုးသားအဆင့်မူဝါဒရေးရာ ညှိနှိုင်းရေးဆွဲရေးအဖွဲ့ (ANPCC)


<u>ဆက်သွယ်ရန်</u>

၁။ ဦးခင်မောင်ထွန်း
ညှိနှိုင်းရေးမှူး၊ ANPCC
ဖုန်း - +၉၅ (၀) ၉ ၂၆၃ ၄၅၃ ၅၄၀

၂။ ဒေါ်မညိုအေး
မူဝါဒရေးရာပဲ့ကိုင်ကော်မတီ၊ ANPCC
ဖုန်း - +၉၅ (၀) ၉ ၂၅၁ ၀၀၀ ၁၁၄

၃။ ဦးထွန်းလွင်
ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)
ဖုန်း - +၉၅ (၀) ၉ ၄၂၁ ၇၂၉၂၇၇